# COVID-19 ရောဂါ တုံ့ပြန်ဆောင်ရွက်မှု၏ အသက်ရှူလမ်းကြောင်းဆိုင်ရာပြုစုကုသခြင်း ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း

PATH

## အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြုစုကုသခြင်း အတွက် အဓိကအရေးကြီးသော အောက်ဆီဂျင် ရရှိမှု

COVID-19 ရောဂါသည် SARS-CoV-2 ဗိုင်းရပ်စ်ပိုးကူးစက်မှုကြောင့် ဖြစ်ပွားသည့် ပြင်းထန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတစ်မျိုးဖြစ်ပြီး အသက်ရှူရခက်ခဲကာ သွေးတွင်းအောက်ဆီဂျင်နည်းပါးခြင်းကို ဖြစ်ပေါ်စေ၍ အဆိုးဆုံး အခြေအနေတွင် ပြင်းထန်သောအဆုတ်ရောင်ရောဂါလက္ခဏာစု (acute respiratory distress syndrome) ကိုခံစားရစေသည်။ လေ့လာမှုများအရ စစ်ဆေးအတည်ပြုထားသော COVID-19 ရောဂါပိုးရှိ လူနာ ၏ ၄၁ % ခန့်သည် (ပြင်းထန်သော အခြေအနေတွင် ၆၀% ကျော်ခန့်) အသက်ရှူခြင်းကို ပံ့ပိုးပေးသော အောက်ဆီဂျင်ကုထုံး လက်ခံရရှိသည်။ ဝင်ငွေနည်း နိုင်ငံများ နှင့် ဝင်ငွေအလယ်အလတ် နိုင်ငံများတစ်ဝိုက်ရှိ ကျန်းမာရေးဌာနများစွာတွင် အောက်ဆီဂျင်ကုထုံး ကို (ရောဂါ သတ်မှတ်ဖေါ်ထုတ်ခြင်း၊ ရောဂါ၏မျိုးဆက် နှင့် စက်ကိရိယာ ရရှိအသုံးပြုခြင်း စသဖြင့်) အမြဲရရှိနိုင်လိမ့်မည်ဟု တွက်ဆရန်မဖြစ်နိုင်ပါ။ အောက်ဆီဂျင် ကုထုံးရရှိမှုအတွက် အဓိက အတားအဆီးများမှာ ကုန်စည်ဖြည့်စွမ်းမှု၊ လူသားအရင်းအမြစ်၊ ဘဏ္ဍာငွေ အကန့်အသတ်ရှိမှု၊ နဂိုရှိပြီးသား ကျန်းမာရေးစောင့်ရှောက်မှု စနစ်ကို မထိခိုက်စေပဲ အကောင်းမွန်ဆုံး ရလာဒ် ရရှိစေရန်အတွက် ပစ္စည်းအရင်းအမြစ်၊ လူအရင်းအမြစ် စသည်တို့ကို နိုင်ငံအနှံ့အပြား မြန်ဆန်စွာမဖြန့်ကျက်နိုင်မှု စသည်တို့ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေး အတွက် အကောင်အထည်ဖေါ်ဆောင်ရွက်နေသည့် အဖွဲ့အစည်းအမျိုးမျိုး၊ ကုန်ပစ္စည်း ထုတ်လုပ်သူ၊  တင်သွင်းသူများ နှင့် ကမ္ဘာ တစ်ဝှမ်းရှိ အစိုးရအဖွဲ့များ စသည်တို့သည် ၎င်းကိရိယာများနှင့် အရင်းအမြစ် တို့ ရရှိနိုင်ရန် လက်ရှိရင်ဆိုင်နေရပြီးဖြစ်သော အထက်ဖေါ် ပြပါအတားအဆီးများကို ကျော်လွှားရန် လိုအပ်သည်။ COVID-19 ရောဂါ ခံစားနေရသော လူနာများ နှင့် ၎င်းအလွန်အခြေအနေများအတွက် အသက်ရှူလမ်းကြောင်းဆိုင်ရာပြုစုကုသမှု လက်ခံရရှိနိုင်စေရန် ယုံကြည်စိတ်ချရသော အောက်ဆီဂျင် လက်လှမ်းမီရရှိနိုင်ရေးကို ကမ္ဘာလုံးဆိုင်ရာ အဓိကဦးစားပေး လုပ်ငန်းအနေဖြင့် ချက်ချင်းအကောင်အထည်ဖေါ် ကာ လက်တွဲလုပ်ဆောင်သွားရန် လိုအပ်ပါသည်။

(ပုံ)



ကျန်းမာရေးဌာနများအတွက် ဆေးကုသမှုဆိုင်ရာ အောက်ဆီဂျင်ဓါတ်ငွေ့ကို cylinder၊ concentrators နှင့် central pipeline system စသော ပုံစံအမျိုးမျိုးဖြင့် ရရှိနိုင်သည်။ ပုံ - PATH/Zachary Clarence

## COVID-19 ရောဂါ တုံ့ပြန်ဆောင်ရွက်မှု၏ အသက်ရှူလမ်းကြောင်းဆိုင်ရာပြုစုကုသခြင်း ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း

PATH နှင့် မိတ်ဖက်အဖွဲ့အစည်းများ စုပေါင်းဖွဲ့စည်းကာ Bill & Melinda Gates Foundation ၏ ပံ့ပိုးမှုဖြင့် COVID-19 ရောဂါကို တုံ့ပြန်ဆောင်ရွက်ရန် နိုင်ငံအသီးသီးရှိ အဓိက ပဲ့ကိုင်ရှင်များ ကို ပြည့်စုံသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြုစုကုသရေး အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အားပေးကူညီမည့် “COVID-19 ရောဂါတုံ့ပြန်ဆောင်ရွက်မှု၏ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြုစုကုသရေး ပူးပေါင်းဆောင်ရွက်မှု စီမံကိန်း”   ကို ဦးဆောင်လျက်ရှိပါသည်။ အဆိုပါစီမံကိန်းသည် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ အလွန်တွင် ပိုမိုအားကောင်းသော ကျန်းမာရေး ပေါင်းစည်းကုသမှု၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြုစုကုသမှုအတွက် အောက်ဆီဂျင် ကုထုံး နှင့် အခြားမရှိမဖြစ် ကိရိယာများကို လွယ်လင့်တကူရရှိနိုင်ရေး ဦးစားပေးအစီအစဉ် ချမှတ်ရန်  ဗျူဟာများကို လည်း ရှာဖွေဖေါ်ထုတ်သွားမည်ဖြစ်သည်။

**စီမံကိန်း ဦးတည်ချက်**

ရွေးချယ်ထားသော ဝင်ငွေနည်း နိုင်ငံများ နှင့် ဝင်ငွေ အလယ်အလတ် နိုင်ငံများ၌ COVID-19 ရောဂါအပေါ်တုံ့ပြန်ဆောင်ရွက်မှုများ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့်လည်းကောင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာပြုစုကုသရေး စနစ်ကို ရေရှည်တွင် ပိုမိုအားကောင်းစေရန် လည်းကောင်း ရည်ရွယ်လျက် စိတ်ချယုံကြည်နိုင်သည့် ပြည့်စုံသောအသက်ရှူလမ်းကြောင်းဆိုင်ရာ ပြုစုကုသမှု အလုံးစုံ လက်လှမ်းမီရရှိနိုင်မှုကို ထောက်ပံ့ကူညီပေးရန်ဖြစ်သည်။

**စီမံကိန်း အဓိက ရည်ရွယ်ချက်များ**

- ကမ္ဘာလုံးဆိုင်ရာ အသက်ရှူလမ်းကြောင်းနှင့်ပတ်သက်သည့်ပြုစုကုသရေး ဆောင်ရွက်မှုများ နှင့် ညှိနှိုင်းလုပ်ဆောင်ရန်။
- မြန်ဆန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာကုသရေး လက်လှမ်းမီရရှိနိုင်စွမ်း ရှိစေရန်။
- ကုန်ပစ္စည်းတင်သွင်းမှု ဈေးကွက်အနေအထား နှင့် သတင်းအချက်အလက် ထောက်ပံ့ဖလှယ်ရန်။ (Supplier landscaping and outreach)
- အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြုစုကုသရေး ပစ္စည်းများ ဝယ်ယူမှုအစီအစဉ်ရေးဆွဲရန် နှင့် အသုံးပြုရေး အတွက် ဖေါ်ပြပါ နိုင်ငံများမှ တိကျသော ဆုံးဖြတ်ချက်ချမှတ်ရာတွင် ကူညီပေးရန်။

**မိတ်ဖက်အဖွဲ့အစည်းများ** Clinton Health Access Initiative နှင့် the Every Breath Counts Coalition

**သတ်မှတ်ထားသော နိုင်ငံများ** ကမ္ဘောဒီးယား ကွန်ဂို ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ အီသီယိုးပီးယား၊ အိန္ဒိယ၊ ကင်ညာ၊ လာအိုဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ လိုက်ဘေးရီးယား၊ မာလာဝီ၊ နိုင်ဂျီးရီးယား၊ ဆီနီဂေါ၊ ဗီယက်နမ်၊ မြန်မာ နှင့် ဇမ်ဘီးယား နိုင်ငံများ။

**စီမံကိန်းကာလ** - ၂၀၂၀ မေလ မှ - ၂၀၂၁ အောက်တိုဘာလ အထိ။

**အဓိက ရည်ရွယ်ချက်များ နှင့် လုပ်ငန်းများ**

ကမ္ဘာလုံးဆိုင်ရာ အသက်ရှူလမ်းကြောင်းဆိုင်ရာပြုစုကုသမှု ဆောင်ရွက်ချက်များ နှင့် ညှိနှိုင်းဆောင်ရွက်ရေး

စီမံကိန်း၏မိတ်ဖက်အဖွဲ့အစည်းများသည် ကမ္ဘာလုံးဆိုင်ရာ COVID-19ရောဂါ တုံ့ပြန်ဆောင်ရွက်မှု လမ်းညွှန်ချက်များ ကို နိုင်ငံတစ်ခုချင်းစီ အလိုက် ရရှိရန်၊ နားလည်သဘောပေါက်ရန်၊ အကောင်အထည်ဖေါ်ရန် စသည်တို့အတွက် ဘက်ပေါင်းစုံလွှမ်းခြုံသော နည်းဗျူဟာများ ကို လိုက်နာလုပ်ဆောင်မည်ဖြစ်သည်။

**ချက်ချင်းဆောင်ရွက်မည့် လုပ်ငန်းများ**

- အောက်ဆီဂျင် ရရှိမှုကို ထပ်ဆင့်တိုးမြှင့်လုပ်ဆောင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ လမ်းပြမြေပုံတစ်ရပ် တိုးတက်ဖြစ်ပေါ်စေရန် (COVID-19 တုံ့ပြန်ဆောင်ရွက်မှု အခြေအနေအတွက်သာမက မုချလိုအပ်သော အောက်ဆီဂျင်ရရှိမှုကို စဉ်ဆက်မပြတ် တိုးတက်စေရန်အတွက်ပါ ရည်ရွယ်လျက် ရေရှည် သုံးသပ်ချက်များကို အချုပ်ဖေါ်ပြခြင်း။)
- အရေးပါသောအင်အားစုများ အားလုံးနှင့် ပူးပေါင်းလုပ်ဆောင်ရန်အတွက် ထိရောက်သော အပြန်အလှန်ဆက်သွယ်မှု နှင့် စည်းရုံးရေး လုပ်ထုံးလုပ်နည်း တစ်ရပ် တည်ထောင်ရန်။
- အဓိကကျသော ကမ္ဘာ့ကျန်းမာရေး အာဏာပိုင်များ၊ မိတ်ဖက်အဖွဲ့များ၊ အကောင်အထည်ဖေါ်ဆောင်ရွက်နေသူများ စသည်တို့နှင့် အနီးကပ် ပူးပေါင်း ဆောင်ရွက်လျက် COVID-19ရောဂါ တုံ့ပြန်ဆောင်ရွက်မှု အတွက် ဖြစ်ရပ်စီမံခန့်ခွဲခြင်း လမ်းညွှန်ချက်များ၊ လိုအပ်ချက် စစ်တမ်းကောက်ယူမှုများ နှင့် လိုအပ်မည့် ကိရိယာခန့်မှန်းခြင်း၊ ဝယ်ယူခြင်း နှင့် ဘဏ္ဍာရေး လုပ်ငန်းစဉ်များ အပြင် ပစ္စည်းကိရိယာ နှင့် ပတ်သက်သည့် လမ်းညွှန်မှုများ စသော အချက်များပါဝင်သည့် ဗဟိုသတင်းအချက်အလက် စနစ် တစ်ခု တည်ထောင်ပြီး သတင်းနှင့် အရင်းအမြစ်များဖြန့်ဖြူးခြင်း။

**မြန်ဆန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြုစုကုသရေး လက်လှမ်းမီရရှိနိုင်စွမ်း ရှိစေရေး**

COVID-19 ရောဂါအတွက် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြုစုကုသမှုသည် ရိုးရိုးအောက်ဆီဂျင်ကုထုံးပေးခြင်း နှင့် အခြား အသက်ရှူကိရိယာများအသုံးပြုခြင်းထက် ပိုမိုရှုပ်ထွေးသည်။ မရှိမဖြစ်လိုအပ်သော ကိရိယာများ ရရှိတင်သွင်းမှုသည် အကန့်အသတ် ရှိပါသည်။ ရရှိမှုအခွင့်အလမ်း သာတူညီမျှရှိစေရန်အတွက် နိုင်ငံအသီးသီး တွင် လတ်တလော ပစ္စည်းကိရိယာ ရရှိနိုင်မှု အခြေအနေကို စုဆောင်းလေ့လာပြီး ကြိုတင်ခန့်မှန်းထားသော ပစ္စည်းကိရိယာလိုအပ်ချက်စာရင်း နှင့် နှိုင်းယှဉ်လေ့လာမည်ဖြစ်သည်။ အဆိုပါ လတ်တလော ရရှိနိုင်မှု နှင့် ခန့်မှန်းလိုအပ်ချက်ကြားရှိ ကွာဟချက်ကို ပစ္စည်းကိရိယာ ဝယ်ယူမှုအစီအစဉ်ရေးဆွဲရေး နှင့် ထုတ်လုပ်ဖြန့်ဖြူးရေးအတွက် သတင်းပို့ပေးမည်ဖြစ်သည်။

PATH

PATH is a global organization that works to eliminate health inequities by bringing together institutions, businesses, investors, and individuals to solve the world's most pressing health challenges. With expertise in science, market development, technology, advocacy, and dozens of other specialties, PATH develops and scales solutions—including vaccines, drugs, devices, diagnostics, and innovative approaches to strengthening health systems worldwide.

path.org

**Mailing Address**
PO Box 900922
Seattle, WA 98109 USA

**Street Address**
2201 Westlake Avenue
Suite 200
Seattle, WA 98121 USA

**Date Published**
March 2021

**ချက်ချင်းဆောင်ရွက်မည့် လုပ်ငန်းများမှာ -**

- Biomedical ပစ္စည်းကိရိယာ စစ်တမ်း
- ဝယ်လိုအား မြန်ဆန်မှုကို တိုင်းတာခြင်း (Rapid demand quantification)

ကုန်ပစ္စည်းတင်သွင်းမှု ဈေးကွက်အနေအထား နှင့် သတင်းအချက်အလက် ထောက်ပံ့ဖလှယ်ရေး (Supplier landscaping and outreach)

ကုန်ပစ္စည်းတင်သွင်းသူများကို ဈေးကွက်အတွင်းရှိပစ္စည်းစာရင်း၊ လက်ရှိထုတ်လုပ်နိုင်သည့်ပမာဏ၊ ထိရောက်သောဝယ်လိုအား နှင့် ရောင်းလိုအားကိုကိုက်ညီမှုဖြစ်စေမည့် ဈေးနှုန်းသတ်မှတ်ခြင်း စသည်အကြောင်းအရာများကို နားလည်စေရန်အတွက်ထောက်ကူဆောင်ရွက်မှု တစ်ရပ်လုပ်ဆောင်ရန်ဖြစ်သည်။ ယခု စီမံကိန်းသည် COVID-19ရောဂါ တုံ့ပြန်ဆောင်ရွက်မှု အတွက် မရှိမဖြစ်လိုအပ်သော အသက်ရှူလမ်းကြောင်းပြုစုကုသရေးဆိုင်ရာ ပစ္စည်းကိရိယာများ ၏ စွမ်းဆောင်ရည်၊ မှာယူချိန်မှ ပစ္စည်း ရောက်ရှိသည်အထိ ပျမ်းမျှကြာချိန် စသည်တို့နှင့် ပတ်သက်၍ ကုန်ပစ္စည်း ထုတ်လုပ်သူများ နှင့် ကမ္ဘာတစ်ဝန်းရှိ မိတ်ဖက်အဖွဲ့များ အား သတင်းပေးချိတ်ဆက်ပေးသွားမည်ဖြစ်ပြီး ၎င်းတို့၏ ရရှိနိုင်သမျှ စိတ်ကူးအကြံဉာဏ်များကို စုပေါင်းကြံဆောင်လုပ်ဆောင်သွားရန်ဖြစ်သည်။ ၎င်းလုပ်ငန်းကို ကမ္ဘာတစ်ဝန်းရှိအဓိက ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့အစည်းများ နှင့် ဝယ်ယူရေး အစီအစဉ် ရေးဆွဲသူများ မှ အတူတကွလုပ်ဆောင်သွားမည်ဖြစ်ပြီး ပစ္စည်းတင်သွင်းရောင်းချသူများနှင့် မြန်ဆန်စွာ ထိတွေ့နိုင်စေရေး နှင့် ဈေးကွက် အနေအထား၊ ဆန်းစစ်လေ့လာခြင်း တို့နှင့် အခြား ဆက်စပ်သော ကိစ္စရပ်များအတွက် ကူညီထောက်ပံ့ပေးရန်ဖြစ်ပါသည်။

**ချက်ချင်းဆောင်ရွက်မည့် လုပ်ငန်းများမှာ**

- စီးပွားရေးလုပ်ငန်းများ အထူးသဖြင့် ပစ္စည်းတင်သွင်းမှု စွမ်းဆောင်နိုင်ရည်ရှိသည့် ကုမ္ပဏီများ ကို ပစ္စည်းတင်သွင်းမှု ဈေးကွက်အနေအထား နှင့် သတင်းအချက်အလက်များ ဆက်သွယ်ထောက်ပံ့ခြင်း။
- ဗဟိုပစ္စည်းဝယ်ယူရေးအစီအစဉ်ချမှတ်ရေးဆွဲခြင်း နှင့် ဖြန့်ဝေရေးကို အထောက်အကူပေးခြင်း။
- အသက်ရှူလမ်းကြောင်းပြုစုကုသရေး နည်းပညာတီထွင်မှုများကို ခြေရာကောက်ခြင်း။

နိုင်ငံများအလိုက် ဆုံးဖြတ်ချက်ချမှတ်မှုတွင် ကူညီဆောင်ရွက်ခြင်း

အဆိုပါစီမံကိန်း၏ စုပေါင်းအဖွဲ့သည် COVID-19 ရောဂါကူးစက်မှု ကြောင့် ဖြစ်ပေါ်လာသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ထောက်ပံ့ကုသရေး လိုအပ်ချက်ကို လက်တွေ့ဖြေရှင်းရန် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ဝင်ငွေနည်း နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်နိုင်ငံများ ရှိအစိုးရများနှင့် လက်ရှိပူးပေါင်းဆောင်ရွက်မှုတို့ကို အရှိန်မြှင့်တင်လျက် နိုင်ငံအသီးသီးရှိ အဓိက ဆုံးဖြတ်ချက်ချမှတ်သူများ အား တိုက်ရိုက်ထောက်ပံ့ကူညီသွားမည်ဖြစ်သည်။ ဆောင်ရွက်မည့်လုပ်ငန်းများမှာ အသက်ရှူလမ်းကြောင်း ပြုစုကုသရေးဆိုင်ရာ ကိရိယာများနှင့် သက်ဆိုင်သော သတင်းအချက်အလက် ဝေမျှခြင်း၊ ဝယ်ယူမှုအစီအစဉ်ချမှတ်ရေးဆွဲခြင်း၊ သဘောတူညီချက် ညှိနှိုင်းရေးဆွဲခြင်း၊ ပစ္စည်းတင်သွင်းသူနှင့် ထိတွေ့ဆောင်ရွက်ခြင်း၊ သင်တန်းပို့ချခြင်း နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြုစုကုသရေးဆိုင်ရာ ကိရိယာများကို ထိန်းသိမ်းဆောင်ရွက်ခြင်းအတွက် ကူညီပေးခြင်း စသည်တို့ဖြစ်သည်။ စီမံကိန်း၏ စုပေါင်းအဖွဲ့သည် မိတ်ဖက်ဝန်ကြီးဌာနများကို လည်း COVID-19 ရောဂါတုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစဉ်များ လည်ပတ်နိုင်ရန် ရန်ပုံငွေ ရှာဖွေမှု အစီအစဉ် မှ အစပြုကာ ကူညီပံ့ပိုးပေးမည်ဖြစ်သည်။

**ချက်ချင်းဆောင်ရွက်မည့် လုပ်ငန်းများမှာ**

- ဝယ်ယူရေး အစီအစဉ် ရေးဆွဲမှု ညှိနှိုင်းဆောင်ရွက်ခြင်း။
- အသုံးပြုနိုင်မည့် ပစ္စည်းများကို မှာယူခြင်း နှင့် ပစ္စည်းစာရင်း စီမံခန့်ခွဲခြင်း။
- နည်းလမ်းမှန်ကန်သော အောက်ဆီဂျင်အသုံးပြုပုံ သင်တန်းပေးခြင်း။
- ပစ္စည်းကိရိယာ စီမံခန့်ခွဲ မှု အတွက် အကူအညီပေးခြင်း။

အဆိုပါ လက်ငင်း ဆောင်ရွက် မှုများနောက်ဆက်တွဲအဖြစ် စီမံကိန်းမိတ်ဖက်အဖွဲ့အစည်းများသည် အသက်ရှူလမ်းကြောင်း ပြုစုကုသရေး ရေရှည် အထောက်အကူတစ်ရပ်အတွက် ဦးတည်ရည်မှန်းသော နည်းဗျူဟာများကို ရှာဖွေလိုက်နာသွားမည်ဖြစ်သည်။

## သတင်းရင်းမြစ် ဖြည့်စွက်ချက်များ

Increasing access to safe oxygen web page: https://www.path.org/programs/market-dynamics/increasing-access-safe-oxygen/.

အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ မေးခွန်းများမေးမြန်းလိုပါက သို့မဟုတ် ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်: oxygen@path.org.

အဆိုပါ စီမံကိန်း ကို Clinton Health Access Initiative မှဦးဆောင်ပြီး PATH နှင့် အခြားမိတ်ဖက်အဖွဲ့များ ဖြစ်သော ဘင်္ဂလားဒေ့ရှ်၊ ဘာကီနာ ဖာဆို၊ ကင်မရွန်း၊ ဂီနီယာ၊ အင်ဒိုနီးရှား၊ လီဆိုသို၊ နိုင်ဂျာ၊ မာလီ၊ မြန်မာ၊ တောင်အာဖရိက၊ တန်ဇာနီးယား၊ ယူဂန်ဒါ၊ ဇင်ဘာဘွေ အစရှိသောနိုင်ငံများ အချင်းချင်းညီညွတ်စွာ ချိတ်ဆက်လုပ်ကိုင်လျက် ကိုယ်စီကိုယ်င အကောင်အထည်ဖေါ်ဆောင်ရွက်ကြမည်ဖြစ်သည်။

PATH

PATH is a global organization that works to eliminate health inequities by bringing together institutions, businesses, investors, and individuals to solve the world's most pressing health challenges. With expertise in science, market development, technology, advocacy, and dozens of other specialties, PATH develops and scales solutions—including vaccines, drugs, devices, diagnostics, and innovative approaches to strengthening health systems worldwide.

path.org

**Mailing Address**
PO Box 900922
Seattle, WA 98109 USA

**Street Address**
2201 Westlake Avenue
Suite 200
Seattle, WA 98121 USA

**Date Published**
March 2021